# တန်းတူညီမျှ မရှိမှုများကို အမြစ်ပါမကျန်ဖယ်ရှားခြင်း

## အမျိုးသမီးများ၊ သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းလုပ်ငန်းများ လုပ်ဆောင်နေသော အရပ်ဘက်လူမှုအဖွဲ့အစည်းများအတွက် အကြံပြုချက်များ



## သစ်တောစီမံအုပ်ချုပ်မှုတွင် အမျိုးသမီးများပါဝင်မှုသည် အဘယ်ကြောင့် အရေးကြီးပါသနည်း။

- **အမျိုးသမီးများအနေဖြင့် ၎င်းတို့ဘဝနှင့် လုံခြုံရေးတို့အပေါ် သက်ရောက်မှုရှိမည့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် ပါဝင်ဆောင်ရွက်ခွင့်**သည် ၎င်းတို့၏ အခွင့်အရေးဖြစ်ပါသည်။

- **အမျိုးသမီးများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အဓိပ္ပါယ်ပြည့်ဝထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်မှုသည် ငြိမ်းချမ်းရေးသဘောတူညီချက်များ အောင်မြင်စွာချုပ်ဆိုနိုင်ခြေနှင့် ထိုသဘောတူညီချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည့် အလားအလာ တိုးပွားစေပါသည်။** အမျိုးသမီးများကို ဘေးဖယ်ထားပြီး ချုပ်ဆိုသည့် သဘောတူညီမှုများသည် ပဋိပက္ခရှိနေသောကိစ္စရပ်များအားလုံးကို လွှမ်းခြုံနိုင်ခြေနည်းပါးသဖြင့် အကြမ်းဖက်မှုများ ပြန်လည်ဖြစ်ပွားနိုင်ခြေပိုများပါသည်။

- **ထိုနည်းတူစွာ အမျိုးသမီးများ၏ အမြင်များနှင့် အတွေ့အကြုံများကို လျစ်လျူရှုခြင်းသည် စီမံချက်၏ထိရောက်မှုအပေါ် သက်ရောက်စေသည်။** ဖွံ့ဖြိုးရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး စီမံချက်များတွင် အမျိုးသမီးများအား ထိရောက်စွာ ထည့်သွင်းရန် လိုအပ်သည်။

- **ပဋိပက္ခဒါဏ် ခံစားနေရသော ကရင်နယ်မြေတွင် ဆောင်ရွက်သည့် မည်သည့်စီမံချက်မဆိုသည် ပဋိပက္ခများ ဖြစ်ပေါ် ပြောင်းလဲနေမှုအခြေအနေနှင့် ကျားမရေးရာ အခြေအနေများအပေါ် တမင်ရည်ရွယ်၍ဖြစ်စေ၊ မရည်ရွယ်ဘဲဖြစ်စေ ကောင်းကျိုး သို့မဟုတ် ဆိုးကျိုးသက်ရောက်မှုများ ရှိနိုင်ပါသည်။** စီမံကိန်းများကို ကျားမတန်းတူညီမျှမှုရှိသော ငြိမ်းချမ်းရေးမျိုး (positive peace) ကို မျှော်မှန်းလုပ်ဆောင်သင့်ပါသည်။

# သစ်တောစီမံအုပ်ချုပ်ရေးတွင် လက်ရှိကျားမရေးရာ အခန်းကဏ္ဍများ

## တူညီမှုများ



ထင်းကောက်ခြင်းနှင့်
ဆောက်လုပ်ရေးအတွက်
သစ်ပင်ခုတ်ခြင်း၊



တရားမဝင်သစ်ခုတ်မှုကို
စောင့်ကြည့်ခြင်း၊



သီးနှံသစ်တောရောနှော
စိုက်ပျိုးရာ၌ လုပ်ကိုင်ခြင်း
(ဥပမာ – ဒူးရင်း၊
မင်းဂွတ်နှင့်
ဖာလာတို့စိုက်ပျိုးခြင်း၊
မျှစ်ချိုးခြင်း)



ဒေသအစုအဖွဲ့ပိုင်
သစ်တောလုပ်ကိုင်ခြင်း
(သစ်တောပြန်လည်
စိုက်ပျိုးခြင်း၊ သစ်တော
ပြန်လည်ထူထောင်ခြင်း နှင့်
ရေဝေရေလဲ
ဒေသများကာကွယ်
စောင့်ရှောက်ခြင်း)

## ကွဲပြားခြားနားမှုများ



**အမျိုးသားများ၏
လုပ်ငန်းဆောင်တာများကို
“ခက်ခဲကြမ်းတမ်းသော”
လုပ်ငန်းများ သို့မဟုတ်
ကိုယ်ကာယ
အားစိုက်ထုတ်ရန်
လိုအပ်သည့် အလုပ်များဟု
သတ်မှတ်သည်။** (ဥပမာ
– သစ်ပင်တက်ခြင်း၊
သစ်ပင်ကြီးများ
ခုတ်လှဲခြင်း၊ အမဲလိုက်ခြင်း
သို့မဟုတ်
ဝင်ငွေရအလုပ်များ)



**အမျိုးသမီးများ၏
လုပ်ငန်းဆောင်တာများကို
“ပိုမိုပေါ့ပါးသော”
အလုပ်များဟု
သတ်မှတ်သည်။** (ဥပမာ
– ထင်းအတွက်
သစ်ကိုင်းငယ်များ
ကောက်ခြင်း၊
အိမ်တွင်းဆေးအတွက်
ဆေးပင်များ စုဆောင်းခြင်း၊
အိမ်မိုးအတွက်သစ်ရွက်များ
ကောက်ခြင်း သို့မဟုတ်
သစ်သီးခူးခြင်း၊
သစ်တောထွက် ပစ္စည်းများ
စားသုံးရန်အတွက်
သို့မဟုတ် ရောင်းရန်
အတွက် စုဆောင်းခြင်း၊
အပင်များစိုက်ခြင်း နှင့်
သစ်စေ့များ
ပျိုးထောင်ခြင်း)



သစ်တောနှင့်
ဆက်စပ်သော
ဒေသဆိုင်ရာသတင်း
အချက်အလက်များ၊
သင်တန်းများ၊
သစ်တောထိန်းသိမ်း
စောင့်ရှောက်ခြင်း
အစီအစဉ်များတွင်
**အမျိုးသမီးများ
ပိုမိုပါဝင်နိုင်ခြေများသည်။**
သစ်တောဌာနများ
တွင်လည်း သူတို့ကို
ယေဘုယျအားဖြင့်
စီမံရေးဆိုင်ရာ
ကဏ္ဍများတွင်
တာဝန်ပေးခြင်း ခံရသည်။



ဒေသတွင်း၌ဖြစ်စေ၊
အစိုးရသစ်တော
ဌာန၌ဖြစ်စေ၊ KNU
သစ်တောဌာန၌ဖြစ်စေ
**သစ်တောစီမံ အုပ်ချုပ်မှုနှင့်
ဆုံးဖြတ်ချက်ချခြင်းသည်
အမျိုးသားများ၏
နေရာဖြစ်သည်ဟု
စဉ်းစားထားကြပြီး**
ခေါင်းဆောင်မှု အပိုင်းတွင်
အမျိုးသမီးများနှင့်
သင့်တော်မှု ရှိခြင်းကိုကား
မေးခွန်းမေးခြင်း
ခံနေရသည်။

# အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုအတွက် အဟန့်အတားများကို ကျော်လွှားနိုင်သော လက်တွေ့အကြံပြုချက်များ

| အဟန့်အတားများ | အကြံပြုချက်များ |
| --- | --- |
|  **ပဋိပက္ခ၊ လုံခြုံရေးနှင့် တစ်နေရာမှ တစ်နေရာသွားလာနိုင်မှု**<br><br>အမျိုးသမီးများသည် မကြာခဏ ဆိုသလို ၎င်းတို့နေထိုင်ရာရွာများမှ ထွက်ခွာ၍ သွားလာရန်အတွက် မိသားစုနှင့် ရပ်ရွာ၏ ခွင့်ပြုချက် လိုအပ်လေ့ရှိပါသည်။ အထူးသဖြင့် ပဋိပက္ခသက်ရောက်မှုရှိသော အရပ်ဒေသများရှိ လူနည်းစုအုပ်စုများမှ အမျိုးသမီးများသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကျူးလွန်ရန် ဦးတည်ခြင်းခံရသည်။ | **ကျင်းပသည့်နေရာ** – ကျင်းပသည့်နေရာသည် ရွာများရှိ အမျိုးသမီးများ လက်လှမ်းမီမှု ရှိရမည်ဖြစ်ပြီး လုံခြုံစိတ်ချရသည့် သယ်ယူပို့ဆောင်ရေးအတွက် စီစဉ်ပေးခြင်း သို့မဟုတ် စရိတ်ပြန်ထုတ်ပေးခြင်းများ ပြုလုပ်ပေးရပါမည်။<br><br>**ညအိပ်ညနေ သွားရခြင်း** – အမျိုးသမီးများကို နေအိမ်မှ ညအိပ်ညနေသွားရန် လိုအပ်ခြင်း မရှိရအောင် စီစဉ်ရပါမည်။ အခြားတစ်နေရာတွင် ညအိပ်ရန် လိုအပ်မည်ဆိုပါက ထိုသို့ လုပ်ဆောင်ရသည့် အကြောင်းရင်းများနှင့် ဘေးကင်းလုံခြုံရေးအတွက် အစီအစဉ်များကို မိသားစုဝင်များ ရှင်းလင်းစွာ သိရှိအောင် လုပ်ပေးရပါမည်။ (အထူးသဖြင့် မိဘများ၊ ခင်ပွန်းများ သို့မဟုတ် ယောက္ခမများ) |
|  **သုံးဆပို၍ဝန်ပိစေခြင်း**<br><br>မြန်မာနိုင်ငံရှိ အခြားဒေသများမှာ ကဲ့သို့ပင် ကရင်ဒေသတွင်လည်း ကလေးပြုစုစောင့်ရှောက်ခြင်း၊ အိမ်မှုကိစ္စများ တာဝန်များ၊ စီးပွားရေး တာဝန်များသည် အမျိုးသမီးများ၏ တာဝန်ဟု ထုံးတမ်းစဉ်လာရှုမြင်သတ်မှတ်ထားမှုများ ရှိပါသည်။ ရေနှင့် လျှပ်စစ်မီး လက်လှမ်းမီ ရရှိမှုမရှိသော အိမ်ထောင်စုများအတွက် အိမ်မှုကိစ္စတာဝန်များသည် စဉ်းစားစရာဖြစ်ပါသည်။ | **ကျင်းပသည့် အချိန်** – စုဝေးရန် အချိန်ကို သတ်မှတ်သောအခါ အမျိုးသမီးများ၏ နေ့စဉ်လုပ်ငန်း အချိန်ဇယားများကို ထည့်သွင်းစဉ်းစားရန် အရေးကြီးသည်။<br><br>**ကလေးပျော်သည့်နေရာ** – အစည်းအဝေးကျင်းပသည့်နေရာများနှင့် အစည်းအဝေးများသည် ကလေးများအတွက်ပါ အဆင်ပြေသည့်နေရာများ ဖြစ်အောင် စီစဉ်ပေးထားခြင်း သို့မဟုတ် ကလေးများကို ပြုစုစောင့်ရှောက်ရန် လွယ်ကူအောင် စီစဉ်ပေးခြင်းတို့ ပြုလုပ်သင့်သည်။<br><br>**သတင်းအချက်အလက်မျှဝေခြင်း** – သတင်း အချက်အလက်များကို လက်ဆင့်ကမ်းပေးနိုင်သည့် လုပ်ငန်းစဉ်များကို ကြိုတင်ထည့်သွင်းချမှတ်ပေးထားပါ။ (ဥပမာ – ဆွေးနွေးပွဲများနှင့် လုပ်ငန်းများတွင် ကိုယ်တိုင်မပါဝင်နိုင်သော အိမ်ထောင်စုဝင်များထံ သတင်းအချက်အလက်များကို အဓိကမျှဝေပေးနိုင်သည့် အမျိုးသမီးများကို ပါဝင်တက်ရောက်စေခြင်း) |

## အဟန့်အတားများ



### လူမှုရေးစံသတ်မှတ်ချက်များ

ကရင်ပြည်နယ်ရှိ ရှေးရိုးဆန်သော လူမှုယဉ်ကျေးမှုစံများက အမျိုးသားများ၏ အခန်းကဏ္ဍသည် အိမ်ထောင်ဦးစီးနှင့် ရပ်ရွာခေါင်းဆောင် နေရာဖြစ်ပြီး အမျိုးသမီးများမှာမူ နောက်လိုက်ဖြစ်ရမည်ဟူသော ရှုမြင်မှုများရှိသည်။ ထိုရှုမြင်မှုများက အမျိုးသမီးများ၏ ခေါင်းဆောင်မှုကို အသိအမှတ်ပြုခြင်းနှင့် သစ်တောစီမံအုပ်ချုပ်မှုတို့တွင် အရေးပါသောပါဝင်နိုင်မှုတို့ကို ဘောင်ခတ်ကန့်သတ်ခြင်းတို့ဖြစ်ပေါ်စေသည်။

## အကြံပြုချက်များ

**သတင်းစကားပါးခြင်း** – ဆက်သွယ်ရေးနှင့် သင်တန်းအထောက်အကူပစ္စည်းများ (လက်စွဲစာစောင်များ အပါအဝင်)တွင် အမျိုးသမီးများ၏ အခန်းကဏ္ဍများကို အကြမ်းဖက်မှုခံရနိုင်သူများ (သို့) မိခင်များအဖြစ် သာမက တက်ကြွသောခေါင်းဆောင်များအဖြစ်ပါ ဖော်ပြသင့်သည်။

**စံနမူနာပြသူများ** – သင်တန်းပေးသည့် သို့မဟုတ် ကူညီပံ့ပိုးသည့် အဖွဲ့တွင် ကျားမမျှတစွာ ပါဝင်ရေးစဉ်းစားသင့်သည်။ အမျိုးသမီး သင်တန်းဆရာများသည် အမျိုးသမီးများ၏ ဦးဆောင်မှုနှင့် အကျိုးဆောင်ပေးနိုင်မှုအတွက် အလွန်စွမ်းအားကြီးမားသော စံနမူနာများ ဖြစ်သည်။

**နောက်ဆက်တွဲ လုပ်ဆောင်ချက်များ** – သင်တန်းမှ ပို့ချလိုက်သည်များကို လက်တွေ့ကျင့်သုံးရန် နောက်ဆက်တွဲလုပ်ဆောင်မှုများတွင် အမျိုးသမီးများရော အမျိုးသားများပါ ပါဝင်လာအောင် လုပ်ဆောင်သင့်သည်။

**ဖိတ်ကြားမှုများ** – ပါဝင်တက်ရောက်သူများကို ဖိတ်ကြားသောအခါ အမျိုးသားများရော အမျိုးသမီးများကိုပါ စေလွှတ်ပေးရန် အုပ်ချုပ်ရေးမှူး သို့မဟုတ် အဆင့်မြင့် အရာထမ်းများထံ တောင်းဆိုသင့်သည်။ အစည်းအဝေးများနှင့် သင်တန်းများအားလုံးကို တက်နေကျလူများကို လွှတ်ပေးခြင်းထက် လူမှုအသိုင်းအဝိုင်း၏ အစိတ်အပိုင်းအမျိုးမျိုး ပါဝင်လာစေရန်အတွက် အသက်အရွယ်စုံ၊ လူမှုယဉ်ကျေးမှုနောက်ခံအမျိုးမျိုးရှိသူများကို မျှတစွာရွေးချယ်စေလွှတ်ပေးဖို့ စည်းကမ်းပြဋ္ဌာန်းသင့်သည်။

## အဟန့်အတားများ



### ဆိုးကျိုးဖြစ်ပေါ်ခြင်းမရှိစေရန် ဂရုပြုဆောင်ရွက်ခြင်း

ကျားမတန်းတူညီမျှမှုကို အားပေးမြှင့်တင်ခြင်းသည် ထုံးတမ်းစဉ်လာ တန်းတူညီမျှ မရှိမှုများကို စိန်ခေါ်ခြင်းဖြစ်သဖြင့် (အမျိုးသမီးများ အချင်းချင်းကြား အပါအဝင်) အိမ်ထောင်စုများအတွင်း သို့မဟုတ် ရပ်ရွာများအတွင်း ပွတ်တိုက်မှုများ ဖြစ်နိုင်ပါသည်။ ကျားမတန်းတူညီမျှ မရှိမှုများကို အသွင်ပြောင်းလဲရန် ကျားမတန်းတူညီမျှရေးကို အားပေးရန် လိုအပ်သည်မှန် သော်လည်း အမျိုးသမီးများ၏ အခွင့်အရေးနှင့် ငြိမ်းချမ်းရေးရရှိရန် ဦးတည်လုပ်ဆောင်သွားရမည် ဖြစ်ပါသည်။ ကျားမတန်းတူညီမျှရေး လုပ်ဆောင်ချက်များကြောင့် အမျိုးသမီးများ၏ ပုဂ္ဂိုလ်ရေးဘဝတွင် ဆန့်ကျင်တိုက်ခိုက်မှုများ ခံရခြင်းမျိုး မဖြစ်သင့်ပါ။

## အကြံပြုချက်များ

**ဆန့်ကျင်တိုက်ခိုက်မှုများကို တားဆီးကာကွယ်ပေးခြင်း** – ခင်ပွန်းယောက်ျားများနှင့် ဖခင်များကိုလည်း သင်တန်းများသို့ ဖိတ်ကြားခြင်း သို့မဟုတ် အမျိုးသားများအတွက် သင်တန်းများ သီးသန့်ပြုလုပ်ပေးရန် စဉ်းစားနိုင်ပါသည်။

**ညွှန်းပို့စနစ်** – သင်တန်းပို့ချသူများက လိင်အခြေပြု အကြမ်းဖက်မှု ကိစ္စများအတွက် မည်သည့်နေရာသို့ ညွှန်းပို့ပေးရမည်ကို သိအောင်လုပ်ထားပါ။

ဒေသတွင်းလူမှုရေးယန္တရားများကို သိရှိပြီး ကျားမတန်းတူညီမျှမှုဆိုင်ရာ ဆွေးနွေးမှုများတွင် ဆက်စပ်ပတ်သက်သူ အမျိုးသားများကို မည်သို့ဆွေးနွေးညှိနှိုင်းရမည်ဆိုသည့် နည်းဗျူဟာများကို အမျိုးသမီး သင်တန်းတက်ရောက်သူများအား **ကြိုတင်ပြင်ဆင်ပေးခြင်း**တို့ ပြုလုပ်နိုင်ပါသည်။

မျက်နှာဖုံးဓာတ်ပုံ – © BTWImages/Shutterstock